# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့အစီအစဉ်

# [ ၁၃–၇–၂၀၁၂ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **စီးပွားဖြစ် နွားမွေးမြူရေးဇုန် အဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးမင်းဆွေ၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **စာသင်ကျောင်းများ အဆင့်တိုးမြှင့်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ် မဲဆန္ဒနယ်၏ **ပညာသင်ဆုများကို ကြီးကြပ်စစ်ဆေးခြင်းများ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **တည်ဆဲဥပဒေများ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းရန်အတွက် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး အခြေအနေများ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ ပေးပို့ထားသော ဥပဒေကြမ်း မည်မျှရှိ၍ ကြန့်ကြာနေသော ဥပဒေကြမ်း အမည်များကို ထုတ်ပြန်ပေးရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်၏ **တောင်သူလယ်သမားတို့၏ ဘဝ တိုးတက်လာရေးကို မည်ကဲ့သို့ ထိရောက်စွာ အကောင်အထည် ဖော်ပေးနိုင်မည်ကို သိလိုသည်**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဒေါ်စုစုလှိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **လယ်လုပ်ခွင့် ဆုံးရှုံးနေသည့် လယ်သမားများကို ပြန်လည် လုပ်ကိုင်ခွင့်ပေးရန်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **နိုင်ငံတော်၏ စားနပ်ရိက္ခာ စီမံခန့်ခွဲမှုကို မည်သို့ စီမံဆောင်ရွက်ထားရှိသည်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **"မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမို ထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း "**အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း–

(က) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်။

(ခ) ဦးညွန့်လှိုင်၊ ဖြူး မဲဆန္ဒနယ်။

(ဂ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်။

(ဃ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်။

(င) ဦးခင်မောင်ဦး၊ မုံရွာ မဲဆန္ဒနယ်။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ **“၂၀၁၂ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကြမ်း”** ကို အလုပ်သမား ဝန်ကြီးဌာန က တင်သွင်းခြင်း။

၁၁။ **“၂၀၁၂ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ဖတ်ကြား ရှင်းလင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **“ ၂၀၁၂ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက **“ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ သုံးသပ်ချက် တင်ပြခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။